# ဘယဉာဏ်

**တသ္မ "အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊**
**အနာဂတေ နိဗ္ဗတ္တနကသင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိဿန္တိ"တိ ပဿတော**
**ဧတသ္မိံ ဌာနေ ဘယတုပဋ္ဌာနဉာဏံ နာမ ဥပ္ပဇ္ဇတိ။** (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၀၂)

ထိုဘင်ဉာဏ် ရင့်သန်ခြင်းသို့ ရောက်သော ထိုယောဂီပုဂ္ဂိုလ်အား အတိတ်သင်္ခါရတရားတို့သည် ချုပ်ပျက်လေကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတရားတို့သည် ချုပ်ပျက်ကုန်ဆဲ၊ အနာဂတ်၌ ဖြစ်မည့် သင်္ခါရတရားတို့သည်လည်း ဤနည်းတူပင် ချုပ်ပျက်ကုန်လတ္တံ့ ဟု ရှုမြင်လတ်သော် ဤအရာ၌ ကြောက်စရာဟု သိမြင်သော ဘယဉာဏ်သည် ဖြစ်ပေါ်၏။

ထိုအခါ၌ ရှုသိတိုင်း ပျက်၍ သွားသောသင်္ခါရတရားတို့၌ ကြောက်သောအခြင်းအရာနှင့် တကွ အသိဉာဏ်ဖြစ်၏၊ ဆင်ခြင်မိသော အာရုံ၌လည်း ကြောက်စရာကောင်းသည်ဟု သိမြင်သော အသိဉာဏ်ဖြစ်၏၊ ထို့ကြောင့် ရှုသိစိတ်သည် ကြည်သာရွှင်ပြ တက်ကြွခြင်းမရှိဘဲ အားငယ်သလို ဖြစ်တတ်၏။

သို့သော် ရန်သူများ တစ္ဆေသူရဲများကို ကြောက်သလို စိတ်နှလုံး မချမ်းသာဖြစ်၍ ကြောက်ခြင်းမျိုးမဟုတ်ဘဲ ကြောက်စရာကောင်းသည်ကို အမှန်အတိုင်းသိရ၍ စိတ်နှလုံး မရွှင်ပြ ရုံမျှသာ ဖြစ်၏။

ဘယဉာဏ်ဖြစ်လျှင် ကြောက်တတ်သလား၊ မကြောက်ဘူးလားဟုမေးလာလျှင် ကြောက်တတ်သည်မဟုတ်၊ ထိုဘယဉာဏ်သည် အတိတ်သင်္ခါရတရားတို့သည် ချုပ်ပျက်ကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတရားတို့သည် ချုပ်ပျက်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတရားတို့သည် ချုပ်ပျက်ကုန်လတ္တံ့ဟု ဆင်ခြင်ဆုံးဖြတ်ရုံမျှသာ ဖြစ်၏။ (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၈၃)

တရိပ်ရိပ်နှင့် လျှင်မြန်စွာ ပျက်နေမှုကို မြင်နေရသဖြင့် ဘယ်အချိန်မဆို အချိန်မရွေး သေနိုင်၏ဟူ၍ သဘောပေါက်နားလည်၏၊ ထို့ကြောင့် ဤရုပ်နာမ်တရားတို့အပေါ်၌ ကြောက်စရာဟု ဉာဏ်ဖြင့် သိမြင်၏။

# အာဒီနဝဉာဏ်

ဘယဉာဏ်ရင့်သန်လာလျှင် ရှုသိနေသည့် သင်္ခါရတရားတို့၌၄င်း၊ ဆင်ခြင်မိသည့် သင်္ခါရဘုံဘဝတို့၌၄င်း "သာယာနှစ်သက်ဖွယ် အကောင်းအမွန် အနှစ်သာရရှိတယ်"ဟု မမြင်တော့ဘဲ ရွံမုန်းဖွယ်ဖြစ်ပြီး အပြစ်ချည်းသာ သိမြင်သော အာဒီနဝဉာဏ်ဖြစ်ပေါ်လာ၏။ မကောင်းတာတွေ ရုန့်ရင်း ကြမ်းတမ်းတွေကိုသာ တွေ့မြင်နေရသည်။

**ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝ ဉာဏံ။**
**ပဝတ္တံ ဘယန္တိ၊ နိမိတ္တံ ဘယန္တိ၊ အာယူဟနာ ဘယန္တိ၊ ပဋိသန္ဓိ ဘယန္တိ၊**
**ဂတိ၊ နိဗ္ဗတ္တိ၊ ဥပပတ္တိ၊ ဇာတိ ၊ ဇရာ၊ ဗျာဓိ၊ မရဏံ၊ သောကော၊ ပရိဒေဝေါ၊**
**ဥပါယာသော ဘယန္တိ ဘယတုပဋ္ဌာနေ ပညာအာဒီနဝေ ဉာဏံ။** (ပဌမဝါရ) (ပဋိသမ္ဘိဒါမဂ္ဂ၊ ၅၆)

**ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။**
**ပဝတ္တံ........ ဥပါယာသော ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။** (ဒုတိယဝါရ)

**ဥပ္ပါဒေါ သာမိသန္တိ.... ဥပါယာယော သာမိသန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။** (တတိယဝါရ)

**ဥပ္ပါဒေါ သင်္ခါရာတိ....... ဥပါယာယော သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။** (စတုတ္ထဝါရ) (ပဋိသမ္ဘိဒါမဂ္ဂ၊ ၅၇)

ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည် ကြောက်စရာကောင်းသည်ဟူ၍ ကြောက်ဖွယ်ဘေးဟု သိမြင်သော ဉာဏ်ပညာသည် အာဒီနဝဉာဏ်ဖြစ်၏။

မကုန်မဆုံးနိုင်သော မပြတ်ဖြစ်နေခြင်းသည်...........
(အဟောင်းများ ချုပ်ပျောက်သွားသော်လည်း အသစ်များ ဖြစ်ပေါ်လျက်ရှိသောကြောင့် ရှုသိတိုင်း မပြတ်ဖြစ်ပေါ်နေသော ရုပ်နာမ်အစဉ်ကို ကြောက်စရာဟု အပြစ်မြင်နေ၏)

အကောင်အထည်ဒြပ်မရှိပါဘဲလျက် အကောင်အထည်ဒြပ်ရှိသလိုပင် ဖြစ်ပေါ်လျက်ရှိသော ထိုင်မှု ရပ်မှု ကွေးမှု ဆန့်မှု မြင်မှု ကြားမှုစသော သင်္ခါရနိမိတ်သည်.........

ချမ်းသာကောင်းစားရန် ရည်သန်၍ အားထုတ်မှုဟူသော ကုသိုလ်ကံ အကုသိုလ်ကံသည်....

နောင်တဖန်ဖြစ်ရ မွေးရခြင်းသည်.....

အပါယ်လေးဘုံ၊ လူ၊ နတ်ပြဟ္မာအဖြစ်ဟူသော လားရောက်ရာဂတိသည်...

ရှေးဦးစွာဖြစ်ပေါ်ခြင်းသည်....

ကပ်ရောက်အပ်သောဘဝသည်......

ဖြစ်ခြင်း မွေးခြင်းသည်....

အိုမင်း ရင့်ရော်ခြင်းသည်....

မကျန်းမမာ နာကျင်ကိုက်ခဲခြင်းသည်....

စုတိပျက်ကြွေ သေရခြင်းသည်......

စိုးရိမ်ပူဆွေးရခြင်းသည်.......

ငိုကြွေးမည်တမ်းရခြင်းသည်.....

ပြင်းထန်စွာ ပူလောင်ရခြင်းသည် ကြောက်စရာကောင်းသည်ဟူ၍ ကြောက်ဖွယ်ဘေးဟု သိမြင်သောဉာဏ်ပညာသည် အာဒီနဝဉာဏ်ဖြစ်၏။ (ပဌမဝါရ)

ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည် ဆင်းရဲပင်တည်း ဟူ၍ ကြောက်ဖွယ်ဘေးဟု သိမြင်သော ဉာဏ်ပညာသည် အာဒီနဝဉာဏ်ဖြစ်၏။(ဒုတိယဝါရ)

ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည် ဝဋ်ဆင်းရဲ၊ ကာမဂုဏ်၊ ကိလေသာဟူသောအစာနှင့် ရောနှောနေသည်ဟူ၍ ကြောက်ဖွယ်ဘေးဟု သိမြင်သောဉာဏ်ပညာသည် အာဒီနဝဉာဏ်ဖြစ်၏။

နွေဥတု၌ မီးလောင်စာများနှင့် ရောယှက်နေသောအိမ်ကို မီးလောင်မည်မှ စိုးရိမ်ရသကဲ့သို့ ကိလေသာမီး၏ အစာဖြစ်သော ဝဋ်ဆင်းရဲ၊ ကာမဂုဏ်တို့နှင့် တကွဖြစ်သောကြောင့် စိုးရိမ်ကြောက်ရွံ့ဖွယ်ကောင်းသည်ဟူ၍၄င်း၊

ထမင်း ဟင်း အစာတို့နှင့် လူးပေနေသောလက်ကဲ့သို့ လူးပေညစ်ပတ်စေတတ်သော ကိလေသာအစာတို့နှင့် အတူဖြစ်သောကြောင့် စက်ဆုပ်ဖွယ် ရွံ့ဖွယ်ကောင်းသည်ဟူ၍၄င်း သိမြင်သောဉာဏ်ပညာဖြစ်၏။(တတိယဝါရ)

ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည် မငြိမ်းအေးသည့်သင်္ခါရတရားဟူ၍ ကြောက်ဖွယ်ဘေးဟု သိမြင်သောဉာဏ်ပညာသည် အာဒီနဝဉာဏ်ဖြစ်၏။ (စတုတ္ထဝါရ)

ရှုသိရသည့် ရုပ်နာမ်နှင့် ရှုသိမှုဝိပဿနာဉာဏ်တို့၏ အမြဲမပြတ် ပျက်နေခြင်းကိုသာ တွေ့မြင်ရ၍ ကြောက်စရာချည်းပဲ ဟု ဉာဏ်ဖြင့် သိမြင်ပြီးသူသည် ထိုရုပ်နာမ်တို့၏ အစ ဖြစ်ပေါ်ခဲ့ရင်းဖြစ်သော ယခုဘဝ ပဋိသန္ဓေကို ဆင်ခြင်မိလျှင် ထိုအစ ဖြစ်ပေါ်မှုကိုလည်း ကြောက်စရာကောင်းသည်ဟူ၍သာ သိမြင်၏၊ ဤသို့သိမြင်သောဉာဏ်သည် အာဒီနဝဉာဏ်ဖြစ်၏။

ပဝတ္တ၊ နိမိတ္တတို့၌ သီးခြားမဆင်ခြင်ရဘဲ ရှုသိရုံမျှဖြင့်သော်လည်း ကြောက်စရာကောင်းသည်ဟု သိမြင်နိုင်၏။

ဥပ္ပါဒ အစ ဥပါယာသအဆုံးရှိသော (၁၅)ပုဒ်တို့တွင်

ဥပ္ပါဒ၊ ပဝတ္တ၊ နိမိတ္တ၊ အာယူဟနာ၊ ပဋိသန္ဓိ ဤ (၅)ပုဒ်တို့သည်သာ

အာဒီနဝဉာဏ်ဖြစ်ရာ လိုရင်း အာရုံပြစကားဖြစ်၏။

ဂတိစသော (၁၀)ပုဒ်တို့သည်ကား

ပါဠိဝေါဟာရမျှဖြင့် ထူးသောကြောင့်၄င်း

ဉာဏ်ကြီးသူအား ထိုဝေါဟာရအထူးတို့ဖြင့်လည်း ဆင်ခြင်ဖြစ်တတ်သောကြောင့်၄င်း

အပိုထပ်မံ၍ ပြတော်မူ၏။

ထို (၁၀)ပုဒ်တို့တွင် နိဗ္ဗတ္တိ၊ ဇာတိပုဒ်တို့သည် ဥပ္ပါဒ၊ ပဋိသန္ဓိ ပုဒ်တို့နှင့် အရတူကြ၏။

ဂတိ၊ ဥပပတ္တိပုဒ်တို့သည် ပဝတ္တပုဒ်နှင့် အရတူကြ၏။

ဇရာ စသော (၆) ပုဒ်တို့သည် နိဗ္ဗတ္တ၌ အတွင်းဝင်ကြ၏။

ထို့ကြောင့် ဥပ္ပါဒ စသော (၅) ပုဒ်အရ သိမြင်လျှင်ပင် အာဒီနဝဉာဏ်ပြည့်စုံပြီဟု မှတ်ရမည်။

### ပြောင်းပြန်အားဖြင့် ဆင်ခြင်သိမြင်ခြင်း

ဥပ္ပါဒစသည်တို့ကို ဘယ၊ ဒုက္ခ၊ သာမိသ၊ သင်္ခါရ ဟု သိမြင်သော ယောဂီအား ရှေးဦးစွာ ဖြစ်ပေါ်မှုကင်းခြင်း၊ မပြတ်ဖြစ်မှုကင်းခြင်း၊ သင်္ခါရနိမိတ်ကင်းခြင်း၊ အားထုတ်မှု ကံမရှိခြင်း၊ တဖန် မဖြစ်ရခြင်းတို့က ဘေးကင်းကြ၏၊ ချမ်းသာကောင်းမွန်ကြ၏၊ ဝဋ်ဆင်းရဲ၊ ကာမဂုဏ်၊ ကိလေသာ ဟူသော အစာမှ ကင်းလွတ်ကြ၏၊ ငြိမ်းအေးကြ၏ဟု နိဗ္ဗာန်ကို မှန်းဆလျှက် ပြောင်းပြန်အားဖြင့် ဆင်ခြင်သော အသိဉာဏ်လည်း ဖြစ်ပေါ်၏။

## နိဗ္ဗိဒါဉာဏ်

အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်ပြီး အသိဉာဏ်ရင့်သန်လာလျှင် ရှုသိတိုင်းမှာ ပျင်းရိ ငြီးငွေ့ဖွယ်ဟုသာ သိမြင်သော နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်၏။

စဉ်းစားဆင်ခြင်ကြည့်လျှင် ပျင်းရိငြီးငွေ့ဖွယ်ဟူ၍သာ သိမြင်၏။ အယုတ်ဆုံးအားဖြင့် စိတ်ကူးတွေးတောနေရသည်ကိုပင် ပျင်းရိငြီးငွေ့ဖွယ်ဟုသာ သိမြင်၏။ ဤဉာဏ်ဖြစ်ပုံကို ဓမ္မပဒ၌

**သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။** (၂၇၇) (အနိစ္စလက္ခဏာဝတ္ထု)

**သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။**(၂၇၈) (ဒုက္ခလက္ခဏာဝတ္ထု)

**သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။**(၂၇၉) (အနတ္တလက္ခဏာဝတ္ထု)

(၂၀) မဂ္ဂဝဂ်ဳ ဗုဒ္ဓ မိန့်တော်မူ၏။

အလုံးစုံသော ရုပ်နာမ်သင်္ခါရတရားတို့သည် မမြဲကုန်ဟူ၍၊ လိုချင်စရာမကောင်းကုန်ဟူ၍ အလုံးစုံသော ရုပ်နာမ်သဘောတရားတို့သည် အစိုးပိုင်သော ငါကောင် ဝိညာဏ်ကောင် မဟုတ်ကုန် ဟူ၍ ဘင်ဉာဏ်ခေါင်ထိပ်သို့ ပစ္စက္ခဉာဏ်မှ အစဉ်လျှောက်၍ဖြစ်သော အနွယဝိပဿနာ ဉာဏ်ပညာဖြင့်မြင်သောအခါ၌ ဘယဉာဏ်ဖြင့် ဘေးဟုထင်မြင်အပ် အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်အပ်ပြီးသော ရုပ်နာမ်ဆင်းရဲ၌ မပျော်မမွေ့ဘဲ ငြီးငွေ့လေ၏။ ဤငြီးငွေ့သော ဉာဏ်သည် ကိလေသာအညစ်အကြေးမှ စင်ကြယ်ခြင်း၏ အကြောင်းဖြစ်၏။

ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် သုံးပါးသည် အနစား အလတ်စား အရင့်စား ဟု သုံးမျိုးကွဲပြားသော်လည်း သင်္ခါရတရားတို့၏ အပြစ်ကို ထင်ရှားသိမြင်သော သဘောလက္ခဏာ အားဖြင့် တစ်မျိုးတည်းသာဖြစ်၏။

ထို့ကြောင့်ပင် အချို့ယောဂီအား ဘယဉာဏ်ဖြစ်ပေါ်လာလျှင် မကြာမီ တခဏအတွင်း မှာသော်လည်း အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်များ ဆက်လက်ဖြစ်ပေါ်လာတတ်ကြ၏။

ထို့အပြင် အထက်ဉာဏ်သို့ လျှင်မြန်စွာ တက်သွားသော အချို့ပုဂ္ဂိုလ်မှာ ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်တို့တွင် တစ်ပါး နှစ်ပါးမျှသာ ထင်ရှားသည်လည်း ရှိတတ်ကြသည်။

(ဝိသုဒ္ဓိမဂ်၊ ၃ ၊ ၂၈၈)